ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၄ ၊ အမှတ် ၂ | ၂၀၁၈ ခုနှစ် ၊ နိုဝင်ဘာလ ၁ ရက်

## ဝန်ထမ်းထုလစဉ် ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် မှ သြဝါဒစကားပြောကြားခြင်း



ဦးစီးဌာနအဆင့် ဌာနအကြီးအကဲ နှင့် ဝန်ထမ်းထုလစဉ် ပုံမှန်ဆွေးနွေးဆန္ဒဖော်ထုတ်ပွဲ အခမ်းအနား ကို ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ (၅) ရက်နေ့ နံနက် (၈:၀၀) အချိန်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှ အကောက်ခွန်ဝန်ထမ်းများအား သြဝါဒစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း နှင့် အမှုထမ်း စုစုပေါင်း (၂၀၀) ဦး တက်ရောက်ခဲ့ကြပါသည်။

# မြို့နယ်မှူး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(၁) ဦးအောင်ဆန်းထွန်းတက်ရောက်



ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော မြို့နယ်မှူး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၈) သို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း တက်ရောက် အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းတက်ရောက်မည့် အရာထမ်းများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ (၃) ပတ်ကြာမြင့်ခဲ့ပါသည်။

# GIZ မှ ကြီးမှူးကျင်းပသော Harmonized System Classification Advance Training သင်တန်းဆင်းပွဲသို့ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (၂) ဦးသိန်းဆွေ တက်ရောက်




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန ၊ သင်တန်းကျောင်းခန်းမ၌ ၂၀၁၈ ခုနှစ် အောက်တိုဘာလ (၁၂) ရက်နေ့တွင် GIZ မှ ကြီးမှူးကျင်းပသော Harmonized System Classification Advance Training သင်တန်းဆင်းပွဲသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးသိန်းဆွေ သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် သင်တန်းတက်ရောက်မည့် အရာထမ်း ၊ အမှုထမ်းများ တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၇၃.၈၈၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၃၃၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၀၇၃.၈၈၁) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်



လေဆိပ်တားဆီးမှုအနေဖြင့် ၁၄-၁၀-၂၀၁၈ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် (ပြည်ပဆိုက်ရောက်) ၌ လေယာဉ်ခရီးစဉ်အမှတ် FD-257, SF-3698 ဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား ခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော DJI PHANTOM, Mdl-WM331A , (1) U ၊ ခန့်မှန်းတန်ဖိုးကျပ် (၀.၅) သန်းအားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၀၇၃.၈၈၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း




ဆိပ်ကမ်း တားဆီးမှုအနေဖြင့် တားဆီးမှု (၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၅၈.၅၇၉) သန်းရှိသည့်အနက် ၅-၁၀-၂၀၁၈ ရက်နေ့တွင် AIPT ဆိပ်ကမ်း၌ Myanmar Padauk Trading Co., Ltd မှ တင်သွင်းလာသော Brand New Electronic Goods ,Woofer/Card Player (Chita), Model -706 (1 Cartoon=1U=1 Pcs) Power :30 Kw , (204) U ၊ Brand New Electronic Goods ,Woofer/ Card Player (Chita), Model -318 (1 Cartoon=1U=1 Pcs) Power :45 Kw , (402) U အား အကောက်ခွန် စစ်ဆေးရေး အဖွဲ့မှ စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားသည့် Woofer မဟုတ်ဘဲ Professional Speaker , Brand (Chita) Model-706, Hifi Home Theater 204 Set (2 Pcs=1 set) ၊ Multimedia Media Active Speaker , Brand (Chita) Model-318, Hifi Home Theater 201 Set (2 Pcs=1 set) ဖြစ်ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် ၊ ခန့်မှန်းတန်ဖိုးကျပ် (၄၅.၄၅၀) သန်းခန့်အား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၀၇၃.၈၈၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၂၉) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် (၂၀၁၄.၈၀၂) သန်းခန့်ရှိသည့် အနက် ၃-၁၀-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ လားရှိုး-ရေပူအကြား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ရှောင်တခင်စစ်ဆေးမှု ဆောင်ရွက်စဉ် ရေပူရွာအနီး မိုင်တိုင်အမှတ် (၁၉၈) မိုင် (၁) ဖာလုံ အနီး ရပ်တန့်ထားသော Mitsubishi Canter (၆) ဘီးယာဉ် (၁) စီး ၊ Nissan UD (၁၂) ဘီးယာဉ် (၁) စီး နှင့် Isuzu Giga (၁၂) ဘီးယာဉ် (၁) စီးတို့အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက် ခါးရွှေ (၄.၄၈၃၆) တန် ၊ မီးသွေးအိတ် (၁၀၀၀) နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၃) စီး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၁၃၇.၄၅၀) သန်းအား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်း တန်ဖိုးကျပ် (၂၀၇၃.၈၈၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

### ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၃-၁၀-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်းလီရွာသစ် အနောက်ဘက် ကွင်းပြင် (၁၉၃) မိုင်၊ (၆) ဖာလုံခန့် ၊ ကောင်းဆာကျေးရွာအနောက်ဘက် ဘောလုံးကွင်းအတွင်း (၁၉၅) မိုင်၊ (၆) ဖာလုံခန့် နှင့် စံလောင်းကျေးရွာအတွင်း လမ်းသွယ် (၁၉၇) မိုင် ၊ (၅) ဖာလုံခန့်တို့တွင် ရပ်တန့် ထားသော Nissan UD (၆) ဘီးယာဉ် (၁) စီး၊ Toyota Wish ယာဉ် (၆) စီး၊ Toyota Alphard ယာဉ် (၁)စီး၊ Foton (၆) ဘီး ယာဉ် (၁) စီး၊ Nissan X-Trail ယာဉ် (၁) စီး၊ Toyota Reginus Ace ယာဉ် (၁) စီး နှင့် Toyota Land Cruiser ယာဉ် (၁) စီးတို့အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ယာဉ်များ ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပိတောက်ခါးရွေ (၁၁.၅၂၄၂) တန်နှင့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ၊ ဖြတ်စဆိုဒ်စုံ (၆၅၀) ကီလို ဂရမ် နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ် (၁၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၁၂.၅၇၂) သန်း အားစစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၇၃.၈၈၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၃၁-၁၀-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ ရှောင်တခင် စစ်ဆေးမှုများဆောင်ရွက်စဉ် မရမ်းချောင်းကျေးရွာ၊ မိုးလုံး ဟိန်းဆီဆိုင် အနောက်ဘက်တွင် ရပ်တန့်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ NISSAN DIESEL CEMENT MIXER VEHICLE ယာဉ် (၁) စီး၊ ခန့်မှန်းတန်ဖိုးကျပ် (၃၀)သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ အောက်တိုဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁.၈ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၆ မှု | ၁၆ မှု | ၄၃.၄၈၄ သန်း |
| | စုစုပေါင်း | - | ၁၇ မှု | ၁၇ မှု | ၄၅.၂၈၄ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၀-၉-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၅၃) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၁၀၈၉.၁၃၄ ) သန်း အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်း၊ ကားအပိုပစ္စည်း နှင့် လျှပ်စစ်ပစ္စည်းများအား (၄-၁၀-၂၀၁၈) ရက်နေ့ နံနက် (၁၀:၃၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၆) စု အား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော် ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၄၆၁.၄) သန်းရရှိခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် ဘီယာမျိုးစုံ ၊ ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန်ပစ္စည်းများ ဖျက်ဆီးခြင်း







ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူစားသုံးရန် ၊ သုံးစွဲရန်မသင့်သော ဘီယာမျိုးစုံ ၊ မှတ်ပုံတင်မရှိသော ဆေးဝါးများ ၊ ကွမ်းစားဆေးများနှင့် အလှကုန်ပစ္စည်းများ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၃၃၆.၂၃၄) သန်းခန့်အား (၈-၁၀-၂၀၁၈) ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး ဉက္ကဌ အဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ



Gas Stove များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 7321.11.10 ဖြစ်ပြီး အကောက်ခွန် 7.5% ကုန်သွယ်လုပ်ငန်း ခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Slag များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 2618.00.00 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါ သည်။





သဘော်ဆေးများ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ Hs Code နှင့် Duty Rate အား မေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 3209.90.00 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




Concrete Mixer Spare Parts များ Re-export ပြုလုပ်လိုပါသဖြင့် လိုင်စင် လို/မလို မေးမြန်းရာ Re-export ဖြစ်သဖြင့် လိုင်စင်လိုအပ်ကြောင်းဖြေကြားခဲ့ပါသည်။




Air Cooler များ တင်သွင်းလိုပါသဖြင့် ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8479.60.00 ဖြစ်ပြီး အကောက်ခွန် 10 % ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




လေယာဉ် ဆီနှင့် လေယာဉ်ဆီ တွဲဖက်သုံး Chemical အား Sample အဖြစ် တင်သွင်းလိုပါသဖြင့် မည်သည့်အထောက်အထားလိုအပ်ကြောင်း မေးမြန်းရာ လိုင်စင်လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်လိုအပ်ကြောင်း ဖြေကြားခဲ့ပါသည်။